# ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမသဘောတူညီချက်

၁။ ကရင်ပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကရင်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ဖြစ်သော KNU/KNLA ငြိမ်းချမ်းရေးကောင်စီတို့သည် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် နေပြည်တော်၌ တွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ခဲ့ကြသည်။ တွေ့ဆုံညှိနှိုင်းဆွေးနွေးမှု၏ ရလဒ်အဖြစ် အောက်ပါအချက်များကို သဘောတူညီခဲ့ကြပါသည်-

(က) တပ်မတော်နှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီတို့အကြား လက်ရှိတည်ရှိနေသော ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းမည်။

(ခ) KNU/KNLA ငြိမ်းချမ်းရေးကောင်စီဝင်များကို (မဲလ၊ ထို့ကော်ကိုး)နေရာတွင် အခြေပြုနေထိုင်ရန် သဘောတူသည်။

(ဂ) နှစ်ဘက် အပြန်အလှန် ပြောဆိုဆက်ဆံ ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် နှစ်ဘက်သဘောတူညီသောနေရာများတွင် နှစ်ဘက်သဘောတူညီသော ပုဂ္ဂိုလ်များဖြင့် ဆက်ဆံရေးဌာန၊ စခန်းများကို ထူထောင်မည်။ ကုမ္ပဏီ၏စီးပွားရေး၊ ဆက်ဆံရေးရုံးများကို ဘားအံ၊ မြဝတီ၊ ဘုရားသုံးဆူ၊ ကော့ကရိတ်၊ မောတောင်၊ ကော့သောင်း တို့တွင် ထားရှိမည်။

(ဃ) နှစ်ဘက် သဘောတူညီထားသော နယ်မြေများမှအပ နယ်မြေကျော်လွန် လက်နက်ကိုင်ဆောင်သွားလာမှုများကို နှစ်ဘက်ကြိုတင်ညှိနှိုင်းပြီး ဆောင်ရွက်မည်။

(င) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ အဆင့်မြင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် နှစ်ဘက်သဘောတူညီသော နေရာ၊ သဘောတူညီသောအချိန်ကာလတွင် တွေ့ဆုံ၍ နယ်မြေတည်ငြိမ် အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တပ်ဖွဲ့ဝင်များ အခြေချနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိသည်အထိ ဆက်လက်ဆွေးနွေးရန် သဘောတူသည်။

(စ) ပဏာမငြိမ်းချမ်းရေး ဆောင်ရွက်ပြီးသည့်နောက်တွင် တစ်ဖက်နိုင်ငံ၌ ရောက်ရှိနေသော တိုင်းရင်းသားတို့၏ ပြန်လည်ဝင်ရောက် အခြေချနေထိုင်မည့်နေရာတွင် ၎င်းတို့၏စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေ၊ မီး အစရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလျှင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ ခွင့်ပြု၍ ကိုယ်ထူကိုယ်ထ လုပ်ဆောင်ခွင့်ကို ပံ့ပိုးသွားမည်။

(ဆ) KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ တင်ပြထားသော ငြိမ်းချမ်းရေးအဓိပ္ပါယ်ဖွင့်ဆိုချက်များအပေါ် မူအားဖြင့် သဘောတူညီ၍ နှစ်ဦးနှစ်ဖက်မှ ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

၂။ အထက်ပါသဘောတူညီချက်များကို နှစ်ဦးနှစ်ဖက်လုံးမှ လိုက်နာထိန်းသိမ်းသွားရန် ကတိပြုကြောင်း အောက်တွင်လက်မှတ်ရေးထိုးကြပါသည်။

**ကရင်ပြည်နယ်ငြိမ်းချမ်းရေး**
**ဖော်ဆောင်ရေးအဖွဲ့**

၁။ ဗိုလ်မှူးကြီးအောင်လွင်
ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ကရင်ပြည်နယ်အစိုးရအဖွဲ့

၂။ ဒုတိယဗိုလ်မှူးကြီးကျော်မြင့်
ဦးစီးအရာရှိ (ပထမတန်း)ပြည်သူ့စစ်
အရှေ့တောင်တိုင်းစစ်ဌာနချုပ်

၃။ ဦးသက်နောင်
ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ကရင်ပြည်နယ်)
နယ်စပ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၄။ ဦးသိန်းလွင်
ပြည်နယ်ဥပဒေချုပ်
ကရင်ပြည်နယ်

**KNU/KNLA ငြိမ်းချမ်းရေးကောင်စီ**
**ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့**

၁။ ဗိုလ်မှူးချုပ် စောရင်နု
အဖွဲ့ခေါင်းဆောင်
ဗဟိုကော်မတီဝင်
KNU/KNLA ငြိမ်းချမ်းရေးကောင်စီ

၂။ ဗိုလ်မှူးချုပ် ဒေါက်တာနော်ကပေါ်ထူး
ဗဟိုကော်မတီဝင်
KNU/KNLA ငြိမ်းချမ်းရေးကောင်စီ

၃။ ဗိုလ်မှူးကြီး စောအယ်ကော်ထူး
အထူးဗျူဟာမှူး
KNU/KNLA ငြိမ်းချမ်းရေးကောင်စီ

၄။ ဒုတိယဗိုလ်မှူးကြီး စောဂျိုးဇက်
ဗဟိုဌာနချုပ်ရုံး
KNU/KNLA ငြိမ်းချမ်းရေးကောင်စီ